## မာတိကာ


- ဘာသာပြန်သူ၏ စကား ..... ၇
- စကားပလ္လင် ..... ၉
- ဒီစာအုပ်နှင့် ဒီစာရေးဆရာများ ..... ၁၅


### အပိုင်း [ ၁ ]

[illegible]


၁ ကပ်စတမ်မာများနှင့် ဆက်သွယ်ရာတွင် စွမ်းအားရှိသော အရွေ့အပြောင်းများ ..... ၁၉

၂ အဆက်အသွယ်ရထားသော ကပ်စတမ်မာများကို ရောင်းချရာတွင် ဆန့်ကျင်ဘက် ဝိရောဓိများ ..... ၄၁

၃ ကြီးကြီးမားမား ဩဇာညောင်းသော ဒီဂျစ်တယ်ယဉ်ကျေးမှု ..... ၅၉

၄ ဒီဂျစ်တယ် စီးပွားရေးအတွင်းမှ မားကက်တင်း ဖိုးပွိုင့်ဇီးရိုး ..... ၇၇


### အပိုင်း [ ၂ ]
### ဒီဂျစ်တယ်စီးပွားရေးအတွင်းရှိ မားကက်တင်းလုပ်ငန်းအတွက် အခြေခံမူဘောင်သစ်


၅ ကပ်စတမ်မာ လမ်းကြောင်းသစ် ..... ၉၅

၆ ဈေးကွက်ဝင်ရောင်းချရေး တိုးတက်ဖြစ်ထွန်းမှုကို တိုင်းတာခြင်း ..... ၁၁၃

၇ ကုန်ထုတ်လုပ်မှု နမူနာပုံစံနှင့် အကောင်းဆုံး အလေ့အကျင့်များ ..... ၁၃၉


### အပိုင်း [ ၃ ]
### ဒီဂျစ်တယ်စီးပွားရေး၌ ရောင်းချရေး နည်းဗျူဟာ အဝလီကေးရှင်းများ


၈ ကုန်တံဆိပ်ဆွဲဆောင်မှုအတွက် လူဗဟိုပြု မားကက်တင်း ..... ၁၅၉

၉ တံဆိပ်ကို သိချင်စိတ်ဖြင့် စူးစမ်းရေးအတွက် အနှစ်သာရရှိသော အကြောင်းအရာများကို ဈေးကွက်တင်ခြင်း ..... ၁၇၇

၁၀ တံဆိပ်၏ ကတိကဝတ်အတွက် ချန်နယ်ပေါင်းစုံ မားကက်တင်း ..... ၁၉၉

၁၁ တံဆိပ်နှစ်သက်စွဲလမ်းမှုအတွက် ချိတ်ဆက်သော မားကက်တင်း ..... ၂၁၇

- နှုတ်ဆက်နိဂုံး ... ၂၄၁




## ဘာသာပြန်သူ၏ စကား

မားကက်တင်းဂုရုကြီး (ဝါ) မားကက်တင်း ဖခင်ကြီးလို့ အများက ခေါ်ကြတဲ့ ဆရာကြီး Philip Kotler နဲ့ ကျွန်တော်ဟာ ဘဝရေစက်ပဲ ဆိုရမယ် ထင်ပါရဲ့။

လွန်ခဲ့တဲ့ ၅ နှစ်မှ ၇ နှစ်အတွင်းမှာ ဆရာကြီးရဲ့ စာအုပ်တွေ ဖြစ်တဲ့ ...

၁။ Ten Deadly Marketing Sins
(မားကက်တင်း အမှားတွေ ပြင်ကြစို့)

၂။ Marketing Insights From A-Z 80
(မားကက်တင်းသိမှယ် A-Z 80)

၃။ Marketing 3.0 (မားကက်တင်း သရီးပွိုင့်ဇီးရိုး) တို့ကို ပြန်ဆိုရေးသားခဲ့ရာမှာ မြန်မာစာဖတ်ပရိသတ်ရဲ့ အားပေးမှုခံရပြီး best seller စာအုပ်တွေ ဖြစ်ခဲ့ပါတယ်။

အခုလည်း ပြည်မြန်မာစာအုပ်တိုက် ထုတ်ဝေသူ ကိုအောင်မြတ်သူ ရှာပေးတဲ့ Marketing 4.0 ကို ပြန်ဆို ပေးခဲ့ ပြန်ပါပြီ။

ဒီစာအုပ်ကို ၂၀၁၈ မတ်လကတည်းက ရေးပြီးခဲ့ပေမယ့်



အကြောင်းကြောင်းကြောင့် ယခုမှ ထုတ်နိုင်ခဲ့တာပါ။

ခုစာအုပ်ဟာ ဆရာကြီးရဲ့ ထုံးစံအတိုင်း စီးပွားရေးလှိုင်း အထပ်ထပ်က နောက်ဆုံးလှိုင်းလို့ ဆိုရမယ့် ... Omni-Channel Marketing (သို့မဟုတ်) အွန်လိုင်းမားကက်တင်း၊ ဒီဂျစ်တယ်မားကတ်တင်းမှာ အောင်မြင်အောင် ဘယ်လို အကောင်အထည် ဖော်ရမယ်ဆိုတာ တင်ပြထားတာပါ။ နောက်ဆုံးပေါ် မားကတ်တင်းရဲ့သဘောသဘာဝ၊ အရွေ့အပြောင်းတွေကို ရှေ့ကြောင်းနောက်ကြောင်း၊ သမိုင်းတွေနဲ့ အနာဂတ်မျှော်မှန်းချက်တွေပါမကျန် အသေးစိတ် ပြည့်ပြည့်ဝဝ ဖော်ထုတ်ရေးသားထားတာလည်း တွေ့ရတတ်ပါတယ်။

ဒီနေ့ခေတ် မြန်မာပြည်မှာလည်း တစ်စထက်တစ်စ တွင်ကျယ်လာနေတဲ့ အွန်လိုင်းမားကက်တင်းနဲ့ ပတ်သက်လို့ သိသင့်သိထိုက်တာ အားလုံးကို ပြောပြပေးထားတာလည်း ဖြစ်ပါတယ်။

ဆရာကြီး Philip Kotler ပဲဆိုရင် အထွေအထူး ပြောစရာလိုမယ် မထင်တော့ပါ။ ရွှေဖလား အနားကွပ်စရာ မလိုသလို စိန်တွေရွှေတွေ ရောင်းတဲ့နေရာမှာ ကျွန်တော်က ဆေးရိုးသည် မလုပ်ချင်တော့ဘူး။ ရှေ့စာမျက်နှာတွေကို လှပ်ကြည့်ပြီး ဖတ်လိုက်ကြပါတော့...။ အနှစ်တွေ ချည်းပါပဲလို့သာ....။

ဆရာကြီး Philip နဲ့ တကွ ထုတ်ဝေသူ၊ စာဖတ်သူ အားလုံး... အားလုံးကို ကျေးဇူးအထူးတင်လျက်။

ညီညီနိုင် (မြန်မာပြန်သူ)

## မားကက်တင်း ဖိုးပွိုင့်ဇီးရိုးအတွက် ဩဘာသံများ

နည်းပညာလောကဟာ ဒီငနှမှာ တအားလျင်မြန်တဲ့ အမြန်နှုန်းနဲ့ ရွေ့လျားနေရာက တစ်ခုရဲ့ အပြောင်းအလဲတ နောက်တစ်မျိုးကို အရှိန်မြှင့်တင်ပေးလိုက်ပြန်ပါတယ်။ ဒီအခင်းအကျင်းက ဈေးကွက်ရှာဖွေနေသူတွေ ရှေ့ဆို တက်လှမ်းဖို့ ကူညီနိုင်တဲ့ မိုငြမ်းကိုးကားစရာတွေပါပဲ။ မားကက်တင်းဖိုးပွိုင့်ဇီးရိုးက ပညာတော်သင်အသစ်တစ်ဦးကို ပန့်ကိုက်ပေးသလို ပန်းထွက်နိုင်စေမှာ ဖြစ်သလို၊ ဒီဂျစ်တယ်နဲ့ မိုးဘိုင်းရဲ့ အနာဂတ်ကို အကျွမ်းတဝင်နားလည်ပြီး တိုးတွင်နေသူတို့အတွက် အဖိုးမဖြတ်နိုင်တဲ့ စွမ်းအားတွေပဲ ဖြစ်ပါလိမ့်မယ်။

-Howard Tullman, CEO, Chicagoland Entrepreneurial Center/1871

အင်တာနက်နဲ့ အိုင်တီတွေဟာ ဈေးကွက်လောကကို အခြေအမြစ်ကျကျ ပြောင်းလဲခဲ့ပါပြီ။ ဒီစာအုပ်ဟာ ခေတ်သစ် ဈေးကွက်ဖော်ဆောင်သူတွေကို မျက်စိဖွင့်ပေးတာ ဖြစ်ပါတယ်။

-Hermann Simon, Founder and Chairman, Simon-Kucher & Partners

မည်သူမျှ Philip Kotler ကဲ့သို့ မားကက်တင်း၏ သွေးခုန်နှုန်းကို သွေးစမ်းပေးနိုင်သူ ရှိမည် မထင်ပါ။ သူ အရည်အချင်းက မားကက်တင်းအသစ်၏ လမ်းကြောင်း အံ့အားသင့်ဖွယ်ကောင်းလှသော ဖွံ့ဖြိုးတိုးတက်မှုများကို အနက်ဖြန့်ပြီး ဖော်ထုတ်ပေးနိုင်ခြင်းပဲ ဖြစ်ပါသည်။ ယခုတခန် .. Kotler နှင့် ရေးဖော်ရေးဖက်များသည် ဤစာအုပ် 'မားကက်တင်းဖိုးပွိုင့်ဇီးရိုး' ဖြင့် ဈေးကွက်အောင်မြင်ရေး လမ်းသစ်ဖောက်ရန် ပံ့ပိုးကူညီပေးပြန်ပါသည်။ ယခုခေတ် ယခုနှစ်၌ မဖတ်မဖြစ် ဖတ်ရမည့် မားကက်တင်း စာအုပ်တစ်အုပ် ဖြစ်သည်ကတော့ သေချာလှပါကြောင်း။

-Kevin Lane Keller, E.B. Osborn Professor of Marketing
Tuck School of Business

ကမ္ဘာတစ်ခုမ်းက မားကက်တင်းကျင့်စဉ်တွေလို စိန်ခေါ်လိုက်တဲ့ အသွင်ကူးပြောင်းရေးအတွက် လက်ရှားခါ ရလောက်အောင် ကောင်းတဲ့ လမ်းညွှန်ပါပဲ။ ဒီစာအုပ်မှာ ဝေခွဲမရဖြစ်နေတဲ့ ဈေးကွက်ရှာဖွေရေးသမားများအနေနဲ့ ပိုဝိရဲ့ အရွေ့ကို ဘယ်လိုခြေရာခံရမယ်ဆိုတာနဲ့ ဒီဂျစ်တယ်ဆက်သွယ်ရေး ဝနစ်ရဲ့ ဖြစ်နိုင်ခြေတွေကို သင်ကြားနိုင်ပြီး အကျိုးအမြတ်တွေ ဖြစ်ထွန်းအောင် ပန်တီးပေးပါလိမ့်မယ်။

-George S. Day, Geoffrey T. Boisi Professor Emeritus, Wharton School of the University of Pennsylvania